ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဘရပ်ဆဲလ်မြို့

# ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD) ဖွဲ့စည်းမှုအား အသိပေးကြေညာခြင်း

(၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

၁။ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD) ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။

၂။ UEHRD ၏ ပင်မရည်ရွယ်ချက်မှာ အောက်ဖော်ပြပါ အဓိက လုပ်ငန်းစဉ်ကြီး (၃) ခုကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ မိတ်ဖက်များအကြား ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်-

| | |
|---|---|
| လုပ်ငန်းစဉ် (၁) | လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့်ဒုက္ခသည်များပြန်လည်လက်ခံရေး။ |
| လုပ်ငန်းစဉ် (၂) | ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး။ |
| လုပ်ငန်းစဉ် (၃) | ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး။ |

၃။ UEHRD အနေဖြင့် လူထုအပါအဝင် ပြည်တွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအားလည်းကောင်း ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ထားပါသည်။

၄။ အဆိုပါ စီမံကိန်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များနှင့် ဆက်သွယ်လှူဒါန်းနိုင်မည့် ဘဏ်စာရင်းများကို UEHRD ၏ အင်တာနက်စာမျက်နှာဖြစ်သည့် http://rakhine.unionenterprise.org/ ၌ ရှာဖွေတွေ့ရှိနိုင်ပါသည်။

၅။ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ လူဇင်းဘတ်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့ရှိ မြန်မာနိုင်ငံသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပါဝင်လှူဒါန်းလိုပါက မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့။

**Announcement of the Establishment of the Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine (UEHRD)**

With the aim to implement comprehensive and inclusive development in Rakhine State, the "Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine (UEHRD)" which is chaired by the State Counsellor Daw Aung San Suu Kyi has been established on 15 October 2017.

The primary objective of the UEHRD is to foster concerted effort of the Union Government and all local and international partners in carrying out following 3 major tasks:

(1) Effective provision of humanitarian aid and proper repatriation of the refugees

(2) Relief and resettlement.

(3) Development of the region and sustainable conflict prevention

The UEHRD has called for contribution of public, local Civil Society Organisations (CSO) and Non-Governmental Organisations (NGO) and business leaders of the Nation as well as the United Naitons Agencies, World Bank, ADB, Nippon Foundations and International Non-Government Organisations in these earnest development endeavors.

The detailed information on the Enterprise and the bank accounts to which the donation towards the development of Rakhine State can be made can be found on the UEHRD's webpage i.e., http://rakhine.unionenterprise.org .

The Embassy of the Republic of the Union of Myanmar in Brussels informs Myanmar people, civil society and international organisations in Belgium, Netherlands, Luxembourg and Croatia who wish to assist in development of the Rakhine State do not hesitate to contact the Embassy for further information and also for your kind and contribution donations.

Embassy of the Republic of the Union of Myanmar
Brussles.